Data for Myanmar

အစီရင်ခံစာ အမှတ်စဉ် (၃)

# ပဋိပက္ခကာလအတွင်း အရပ်သားနေအိမ်များ မီးရှို့ဖျက်ဆီးခံရမှု အခြေအနေ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ

*ယခုအစီရင်ခံစာကို လူသားချင်းစာနာမှုအကူအညီပေးရေးအဖွဲ့များ၊ မူဝါဒချမှတ်သူများနဲ့ ပြည်တွင်းပြည်ပက မြန်မာ့အရေးစိတ်ဝင်စားတဲ့ အဖွဲ့အစည်းများ အတွက် အထောက်အကူပြုဖို့ ရည်ရွယ်ပါတယ်။ ယခုအစီရင်ခံစာမှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ အချက်အလက်များပါဝင်ပါတယ်။*

## အရေးကြီး အချက်များ

- စစ်အာဏာသိမ်း သုံးနှစ်ကျော် ကာလအတွင်း စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် အရပ်သား နေအိမ်ပေါင်း ၁ သိန်းကျော် ပျက်စီး ဆုံးရှုံးခဲ့ရပါတယ်။
- ၂၀၂၄ ခုနှစ် အတွင်း မီးရှို့ဖျက်ဆီးမှုများကြောင့် နေအိမ်ပေါင်း ၂၁,၀၀၀ ကျော် ဆုံးရှုံးခဲ့ပါတယ်။ အိမ်ခြေ ၁၀၀၀ နဲ့ ၅၀၀၀ ကြား ပျက်စီးဆုံးရှုံးခဲ့ရတဲ့ မြို့နယ် တွေကတော့ ကောလင်း၊ ကလေး၊ ဘုားသီးတောင်၊ မြင်းခြံနဲ့ မုံရွာမြို့နယ်တွေ ဖြစ်ပါတယ်။
- ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ကရင်နီပြည်၊ ပဲခူးတိုင်း (အနောက်ခြမ်း)၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နဲ့ ရှမ်းပြည် တောင်ပိုင်းတွေမှာ အရပ်သားနေအိမ်ပေါင်း ၁,၁၇၈ လုံး မီးရှို့ ဖျက်ဆီးခံခဲ့ရပါတယ်။




- ဖေဖော်ဝါရီလနဲ့ မတ်လအတွင်း ကောလင်းမြို့ပေါ် ရပ်ကွက်တွေနဲ့ မြို့အနီးနားက ရွာပေါင်း ၄၀ နီးပါးကို စစ်ကောင်စီ တပ်ဖွဲ့တွေက မီးရှို့ဖျက်ဆီးခဲ့လို့ အနည်းဆုံး နေအိမ်ပေါင်း ၅,၂၀၀ ခန့် ပျက်စီးဆုံးရှုံးနိုင်ပါတယ်။
- ကောလင်းမြို့နယ်ထဲက ဒေသခံ ၃ သောင်းနီးပါး နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရပြီး အရေးပေါ် အကူအညီတွေ လိုအပ်နေပါတယ်။

## အဓိက ကိန်းဂဏန်းများ

| ၁၀၁,၄၆၃ | ၁,၁၇၈ | ၃၂၆ | ၇၂% |
| --- | --- | --- | --- |
| အာဏာသိမ်းကာလအတွင်း မီးရှို့ဖျက်ဆီးခံရသည့် နေအိမ် စုစုပေါင်း | ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မီးရှို့ဖျက်ဆီးခံရသည့်နေအိမ်ပေါင်း | ၂၀၂၄ ခုနှစ်အတွင်း မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ် ဖြစ်ပွားခဲ့သည့် မြို့/ရွာ နေရာပေါင်း | စစ်ကိုင်းတိုင်းက တစ်နိုင်ငံလုံး မီးရှို့ဖျက်ဆီးခံရသည့် နေအိမ်စုစုပေါင်း၏ ရာခိုင်နှုန်း |


## အချက်အလက် အနှစ်ချုပ်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လကုန်အထိ Data for Myanmar က ကောက်ယူစုစည်းထားတဲ့ အချက်အလက်တွေအရ စစ်အာဏာသိမ်း သုံးနှစ်ကျော်ကာလအတွင်း စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းများရဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် အရပ်သား ပြည်သူ နေအိမ်ပေါင်း ၁၀၁,၄၆၃ လုံး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အဲဒီအထဲမှာ စစ်ကိုင်းတိုင်းက နေအိမ်ပေါင်း ၇၃,၁၁၄ လုံး ဆုံးရှုံးခဲ့ရလို့ တစ်နိုင်ငံလုံး မီးရှို့ဖျက်ဆီးခံရတဲ့ အရပ်သားနေအိမ်စုစုပေါင်းရဲ့ ၇၂ ရာခိုင်နှုန်းကျော်ရှိပါတယ်။ ဒါ့အပြင် မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်နဲ့ ချင်းပြည်တွေမှာလည်း အရပ်သားနေအိမ်ပေါင်း ၂၃,၁၁၃ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။

စစ်အာဏာသိမ်းကာလ သုံးနှစ်ကျော်အတွင်း စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေအကြား စစ်ရေးပြင်းထန်လာခဲ့ပြီး လက်နက်ကိုင်ခုခံတော်လှန်စစ် အားကောင်းတဲ့ နယ်မြေတွေမှာ စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေက အရပ်သား နေအိမ်တွေကို မီးရှို့ဖျက်ဆီးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် စစ်ကောင်စီစစ်ကြောင်းတွေက မြို့သိမ်းတိုက်ပွဲ ဆင်နွှဲတဲ့ မြို့ရွာဒေသတွေနဲ့ တော်လှန်ရေးအင်အားစုတွေကို ထောက်ခံတဲ့ ကျေးရွာတွေကိုလည်း မီးရှို့ဖျက်ဆီးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ စစ်ကြောင်းထိုးမီးရှို့တာအပြင် လက်နက်ကြီး၊ လေကြောင်းနဲ့ စစ်သင်္ဘောတွေက ပစ်ခတ်မှုတွေကြောင့် အရပ်သားနေအိမ်တွေ မီးလောင်ပျက်စီးခဲ့ပါတယ်။

စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် ၂၀၂၁ ခုနှစ်မှာ အရပ်သားနေအိမ် ၂,၁၁၁ လုံး၊ ၂၀၂၂ ခုနှစ်မှာ ၄၆,၈၅၆ လုံး၊ ၂၀၂၃ ခုနှစ်မှာ ၃၁,၄၈၄ လုံးနဲ့ ၂၀၂၄ ခုနှစ်(ဇူလိုင်လကုန်အထိ)မှာ ၂၁,၀၁၂ လုံး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ လအလိုက် မီးရှို့ဖျက်ဆီးခံရမှုအခြေအနေကို ကြည့်ရင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှာ အများဆုံးဖြစ်ခဲ့ပြီး နေအိမ် ၁၀,၅၆၂ လုံး ဆုံးရှုံးခဲ့ရပါတယ်။

**လအလိုက် မီးရှို့ဖျက်ဆီးခံရတဲ့ နေအိမ်အရေအတွက်**




Source: Data for Myanmar (D4M) • Created with Datawrapper


၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကို ပြန်ကြည့်ရင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလနဲ့ မေလတွေမှာ မီးရှို့ဖျက်ဆီးမှုတွေများခဲ့ပြီး နေအိမ် ၁၇,၆၄၇ လုံး ဆုံးရှုံးခဲ့ပါတယ်။ အဲဒီအထဲက အများစုက စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်နဲ့ မကွေးတိုင်းတွေမှာပါ။ ၂၀၂၄ ခုနှစ်၊ ဧပြီလနဲ့ မေလအတွင်း ရခိုင်ပြည်၊ ဘူးသီးတောင်မြို့မှာ စစ်ရေးပြင်းထန်ခဲ့လို့ အရပ်သားနေအိမ် ထောင်နဲ့ချီ မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း ဒေသခံသတင်းရင်းမြစ်တွေက ဖော်ပြကြပါတယ်။

## ဇူလိုင်လအတွင်း အရေးကြီးဖြစ်ရပ်များ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် အရပ်သားနေအိမ်ပေါင်း ၁,၁၇၈ လုံး ဆုံးရှုံးခဲ့ရပါတယ်။ စစ်ကိုင်းတိုင်းမှာ နေအိမ် ၆၆၉ လုံး၊ မန္တလေးတိုင်းမှာ ၂၆၂ လုံး၊ မကွေးတိုင်းမှာ ၁၁၂ လုံး၊ ကရင်နီပြည်မှာ အလုံး ၆၀၊ ပဲခူးတိုင်း (အနောက်ခြမ်း)မှာ အလုံး ၃၀၊ တနင်္သာရီတိုင်းမှာ ၂၇ လုံး၊ ရခိုင်ပြည်မှာ ၁၀ လုံးနဲ့ ရှမ်းပြည်တောင်ပိုင်းမှာ ၈ လုံးဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်** – ဇူလိုင်လ ၂၅ ရက်ကစပြီ ကန့်ဘလူမြို့နယ်တောင်ပိုင်းက ကျေးရွာတွေကို စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ ပျူစောထီးအဖွဲ့တွေ စစ်ကြောင်းထိုး ဝင်ရောက်စီးနင်းတာတွေ ဆက်တိုက်ရှိနေခဲ့ပါတယ်။[1] အဲဒီစစ်ကြောင်းတွေက သရက်ခေါင်း၊ ရှမ်းတပ်၊ သပြေသာ၊ ပေလယ်၊ ဘိုကုန်း၊ မဲသည်၊ ဆူးပုတ်ကုန်း၊ ညောင်ဇင်ကြီး စတဲ့ ကျေးရွာ ၈ ရွာက အိမ်ခြေ ၄၀၀ ကျော်ကို ဇူလိုင်လ ၂၅ ရက်ကနေ ဇူလိုင်လ ၂၉ ရက်အတွင်း မီးရှို့ဖျက်ဆီးခဲ့ပါတယ်။[2]

**၂၀၂၄ ဇူလိုင်လအတွင်း ကန့်ဘလူမြို့နယ်ထဲက မီးရှို့ဖျက်ဆီးခံရတဲ့ ကျေးရွာများ**




● မီးရှို့ဖျက်ဆီးရသည့် ကျေးရွာများ

Source: Data for Myanmar • Created with Datawrapper

---

[1] Khit Thit Media, [3 August 2024]
[2] Mandalay Free Press – MFP, [3 August 2024]

**စစ်ကိုင်းတိုင်း၊ ကျွန်းလှမြို့နယ်နဲ့ တန့်ဆည်မြို့နယ်** – ဇူလိုင်လ ဒုတိယပတ်အတွင်း စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်နဲ့ တန့်ဆည်မြို့နယ်အစပ်က ပုတီး၊ စီးသာ၊ မြင်သာ ရွာတွေကို ခမရ ၃၆၁ နဲ့ ပျူစောထီးအဖွဲ့တွေက မီးရှို့ဖျက်ဆီးခဲ့လို့ နေအိမ် ၁၅၉ လုံးပျက်စီးဆုံးရှုံးခဲ့ရပါတယ်။[3]




**မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်** – ဇူလိုင်လ ၁၀ ရက် မနက်ပိုင်းက စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ ဒေသခံ တော်လှန်ရေး တပ်ဖွဲ့တွေအကြား လက်ဝဲမြင်းနီ ရွာအနီး တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကူရောက်လာတဲ့ စစ်ကောင်စီ စစ်ကြောင်းနဲ့ ပျူစောထီးအဖွဲ့က လက်ဝဲမြင်းနီရွာကို မီးရှို့လို့ အိမ်ခြေ ၅၀၀ ကျော်မီးလောင်ပျက်စီးတယ်လို့ ဖော်ပြပါတယ်။[4] Sentinel Hub က တွေ့မြင်ရတဲ့ ဂြိုလ်တု ဓါတ်ပုံတွေအရ လက်ဝဲမြင်းနီရွာမှာ မီးရှို့ ပျက်စီးမှုတွေရှိခဲ့တာ အတည်ပြုနိုင်ပါတယ်။ တရားဝင် ထုတ်ပြန်တဲ့ အချက်အလက်တွေ မရရှိသေးပေမယ့် အိမ်ခြေ ၂၆၀ ခန့် ပျက်စီးဆုံးရှုံးနိုင်ပါတယ်။

**မကွေးတိုင်း၊ စလင်းမြို့နယ်** – ဇူလိုင်လ ၈ ရက်နေ့ မနက်ပိုင်းမှာ စစ်ကောင်စီတပ်ဖွဲ့တွေ ခင်ဗလူကျေးရွာထဲကို စစ်ကြောင်းထိုး ဝင်ရောက်ပြီး နေအိမ် ၈၀ ကျော် မီးရှို့ဖျက်ဆီးခဲ့ပါတယ်။[5]

**ကရင်နီပြည်၊ လွိုင်ကော်မြို့နယ်** – ဇူလိုင်လ ၁ ရက်နေ့ကနေ ဇူလိုင်လ ၂၇ ရက်အတွင်း စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ တော်လှန်ရေးအဖွဲ့တွေအကြား တိုက်ပွဲတွေရှိခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့တွေက လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်နဲ့ ရွာတန်းရှည်ရပ်ကွက်က နေအိမ် အလုံး ၆၀ ကျော် မီးရှို့ဖျက်ဆီးခဲ့တယ်လို့ KNDF သတင်းပြန်ကြားရေးက ထုတ်ပြန်ပါတယ်။[6]

---


[3] Mandalay Free Press – MFP, 18 July 2024
[4] Myanmar Now, 13 July 2024
[5] Than Lwin Times, 9 July 2024; NASA FIRMS, 8 July 2024
[6] RFA Burmese, 28 July 2024

## ဖြစ်စဉ်လေ့လာချက် (စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်)

စစ်အာဏာသိမ်း သုံးနှစ်ကျော်ကာလအတွင်း မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ်တွေ များပြားခဲ့တဲ့ မြို့နယ်တွေကို မီဒီယာရင်းမြစ်တွေအပြင် ဒေသခံရင်းမြစ်တွေနဲ့ ဂြိုလ်တုဓါတ်ပုံတွေကနေလည်း အတည်ပြုနိုင်ဖို့ Data for Myanmar က လက်လှမ်းမီသမျှ လုပ်ဆောင်နေပါတယ်။ အဲဒီမြို့နယ်တွေထဲကနေ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်ကို ဖြစ်စဉ်လေ့လာချက်အနေနဲ့ ယခု အစီရင်ခံစာမှာ လေ့လာတင်ပြထားပါတယ်။

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ်ဟာ ၂၀၂၁ ခုနှစ်အစပိုင်းကတည်း စစ်အာဏာသိမ်းဆန့်ကျင်ရေး အကြမ်းမဖက်လူထုလှုပ်ရှားမှုတွေ အားကောင်းခဲ့တဲ့အပြင် လက်နက်ကိုင် ခုခံတော်လှန်မှုတွေကိုလည်း အစောဆုံး လုပ်ဆောင်ခဲ့တဲ့ မြို့နယ်တွေထဲက တစ်ခုဖြစ်ခဲ့ပါတယ်။ ၂၀၂၂ နဲ့ ၂၀၂၃ ခုနှစ် စစ်ကောင်စီတပ်တွေနဲ့ ဒေသခံတော်လှန်ရေးတပ်ဖွဲ့တွေအကြား တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီး အရပ်သားထိခိုက်သေဆုံးမှုတွေနဲ့ နေအိမ်မီးရှို့ဖျက်ဆီးမှုတွေလည်း ရှိခဲ့ပါတယ်။ ၂၀၂၂ နဲ့ ၂၀၂၃ ခုနှစ်အတွင်း ကောလင်းမြို့နယ်ထဲက ရွာပေါင်း၂၁ ရွာက အိမ်ခြေ ၄၀၀ ကျော်ကို စစ်ကောင်စီတပ်တွေက မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ အဲဒီရွာတွေထဲက အများစုက ကောလင်းအရှေ့ခြမ်းက ရွာတွေဖြစ်ပါတယ်။

**စစ်အာဏာသိမ်းကာလအတွင်း ကောလင်းမြို့နယ်ထဲက မီးရှို့ဖျက်ဆီးခံရတဲ့ ကျေးရွာများ**




● ၂၀၂၄ ခုနှစ်အတွင်း မီးရှို့ခံရသည့်ကျေးရွာများ ● ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်အတွင်း မီးရှို့ခံရသည့်ကျေးရွာများ

Source: Data for Myanmar • Created with Datawrapper

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ ပြည်သူ့ကာကွယ်ရေးတပ်မတော်နဲ့ မဟာမိတ်ပူးပေါင်းတပ်ဖွဲ့တွေက ကောလင်းမြို့သိမ်းတိုက်ပွဲ ဆင်နွှဲခဲ့ပြီး နိုဝင်ဘာလ ၆ ရက်နေ့မှာ သိမ်းပိုက်နိုင်ခဲ့ပါတယ်။[7] တိုက်ပွဲကာလအတွင်း အရပ်သား ၁၀ ဦးခန့် သေဆုံးခဲ့ရပြီး ကောလင်းမြို့ပေါ်နဲ့ ရွာတွေက ပြည်သူပေါင် ၅ သောင်းကျော် ဘေးလွတ်ရာ တိမ်းရှောင်ခဲ့ကြရပါတယ်။ နိုဝင်ဘာလ ၈ ရက်နေ့မှာ **NUG** က ကောလင်းခရိုင်အရေးပေါ်အုပ်ချုပ်ရေးဆိုင်ရာ ခရိုင်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး စစ်ဘေးရှောင်ပြည်သူတွေ မြို့တွင်းပြန်လည်နေထိုင်နိုင်ကြောင်း ကြေညာပါတယ်။[8]

ကောလင်းမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ဖို့ စစ်ကောင်စီတပ်ဖွဲ့တွေက ဝန်းသိုနဲ့ ကန့်ဘလူမြို့နယ်တွေကတဆင့် စစ်ကြောင်းထိုး တိုက်ခိုက်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဝန်းသိုမြို့အခြေစိုက် စစ်ကောင်စီတပ်က ကောလင်းမြို့ကို လက်နက်ကြီးနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့တာကြောင့် အရပ်သားသေဆုံးမှုတွေလည်းရှိခဲ့ပါတယ်။ ကောလင်းဒေသခံ ပြည်သူ ၃ သောင်းကျော် နေရပ်မပြန်နိုင်ခဲ့ဘဲ မြို့ခံ သုံးပုံတစ်ပုံခန့်သာ နေရပ်ပြန်နိုင်ခဲ့ကြပါတယ်။[9] တော်လှန်ရေးအဖွဲ့တွေက ကောလင်းမြို့ကို ၃ လခန့် ထိန်းချုပ်နိုင်ခဲ့ပြီး အုပ်ချုပ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ အကောင်အထည်ဖော်ပါတယ်။ ၃ လတာကာလအတွင်း လက်နက်ကြီးနဲ့ လေကြောင်း တိုက်ခိုက်မှုတွေ ဆက်တိုက်ရှိခဲ့ပြီး အရပ်သားထိခိုက်သေဆုံးမှုတွေလည်း ရှိခဲ့ပါတယ်။

၂၀၂၄ ဖေဖော်ဝါရီလဆန်းမှာ စစ်ကောင်စီက ကောလင်းမြို့ကို ပြန်သိမ်းမယ့်သတင်းကြောင့် ဖေဖော်ရီလ ၃ ရက်နေကစပြီး သောင်းနဲ့ချီတဲ့ ဒေသခံတွေ နေရပ်စွန့်ခွာ တိမ်းရှောင်ကြရပြန်ပါတယ်။ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ ကန့်ဘလူနဲ့ ဝန်းသိုမြို့နယ်တွေက တဆင့် ဝင်ရောက်လာတဲ့ စစ်ကောင်စီတပ်တွေနဲ့ ဒေသခံတော်လှန်ရေးတပ်ဖွဲ့တွေအကြား တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားခဲ့ပြီး တိုက်ပွဲဖြစ်ရာ လမ်းတလျှောက်က ကျေးရွာတွေကို စစ်ကောင်စီတပ်ဖွဲ့တွေက မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ စစ်ကောင်စီတပ်တွေ ကောလင်းမြို့ထဲကို ပြန်လည်ဝင်ရောက်နိုင်ခဲ့ပြီး မြို့ကို ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ ကောလင်းမြို့ပေါ်က အောင်သီရိ၊ ကျော်ဇေယျာတောင်ပိုင်း၊ ကျော်ဇေယျာရပ်ကွက်အနောက်ခြမ်း ဈေးရုံဗိုလ်တဲ(ကောလင်းဈေး)၊ မင်းတဲကြီးရပ်ကွက် မင်းခြမ်းအပိုင်းတို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီး မြို့ပေါ်ရပ်ကွက် ၈ ရပ်ကွက်လုံးကို တပ်ဖြန့်နေရာယူခဲ့ပါတယ်၊[10] မြို့ပေါ်နေအိမ်များနဲ့ ဆန်စက်တွေကို ဖောက်ထွင်းပြီး ကန့်ဘလူဘက် သယ်ယူကာ ပျူစောထီးတွေကို ပေးဝေခဲ့တယ်လို ဒေသတွင်းသတင်းတွေမှာ ဖော်ပြပါတယ်။[11]

၂၀၂၄ မတ်လထဲမှာလည်း စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ တော်လှန်ရေးတပ်ဖွဲ့တွေအကြား တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားခဲ့ပါတယ်။ မတ်လ ၃၁ ရက်နေ့မှာ ကောလင်းအနောက်ခြမ်းက ကျောက်ကာ၊ မင်းကုန်း၊ ဖန်းခါးကုန်းကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။[12]

ဖေဖော်ဝါရီလနဲ့ မတ်လအတွင်း ကောလင်းမြို့ပေါ်နဲ့ အနီးနားကကျေးရွာတွေမှာ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေခဲ့ပြီး မီးရှို့ဖျက်ဆီးမှုတွေလည်း နေ့စဉ်နီးပါးရှိနေခဲ့တာဖြစ်ပါတယ်။ မီးလောင်မှုအချက်အလက်တွေကို ဖော်ပြတဲ့ **NASA FIRMS** နဲ့ **Zoom Earth** ကနေ တွေ့မြင်ရတဲ့အချက်အလက်တွေအရ ကောလင်းမြို့ပေါ် ရပ်ကွက်တွေနဲ့ အနီးတဝိုက်က ကျေးရွာတွေမှာ မီးလောင်မှုတွေဖြစ်စဉ်တွေ ဖြစ်ပွားတဲ့ ရက်ပေါင်း ၃၈ ရက်လောက် ရှိနေတာတွေ့ရပါတယ်။

[7] BBC Burmese, 7 November 2023
[8] Peoples' Spring, 14 November 2023
[9] RFA Burnese, 25 November 2023
[10] Tachileik News Agency, 16 January 2024
[11] People's Spring, 16 January 2024
[12] Khit Thit Media, 1 April 2024

၂၀၂၄ ဖေဖော်ဝါရီလနဲ့ မတ်လအတွင်း ကောလင်းမြို့ပေါ် ရပ်ကွက်တွေနဲ့ အနီးနားကျေးရွာတွေကို မီးရှို့ဖျက်ဆီးခဲ့တဲ့ ရက်များ

2024

## FEBRUARY

| SUNDAY | MONDAY | TUESDAY | WEDNESDAY | THURSDAY | FRIDAY | SATURDAY |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | **9** | **10** |
| **11** | **12** | **13** | **14** | **15** | **16** | **17** |
| **18** | **19** | **20** | **21** | **22** | **23** | **24** |
| **25** | **26** | **27** | **28** | **29** | | |

2024

## MARCH

| SUNDAY | MONDAY | TUESDAY | WEDNESDAY | THURSDAY | FRIDAY | SATURDAY |
|---|---|---|---|---|---|---|
| | | | | | **1** | **2** |
| **3** | **4** | **5** | **6** | **7** | **8** | **9** |
| **10** | **11** | **12** | 13 | 14 | **15** | **16** |
| 17 | 18 | **19** | 20 | 21 | 22 | 23 |
| 24 | **25** | **26** | 27 | 28 | 29 | 30 |
| 31 | | | | | | |


၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ကောလင်းမြို့ပေါ် ရပ်ကွက်တွေ မီးရှို့ဖျက်ဆီးခံရစဉ်ရိုက်ကူးထားသည့် ဂြိုဟ်တုဓာတ်ပုံ



ကောလင်းမြို့ပေါ် ရပ်ကွက်တွေနဲ့ မြို့အနီးနားကရွာတွေမီးရှို့ဖျက်ဆီးခံရကြောင်း ပြည်တွင်းမီဒီယာတွေနဲ့ ဒေသတွင်းရင်းမြစ်တွေမှာ ဖော်ပြကြပေမယ့် ၇ လကျော်ကြာလာတဲ့အထိ မီးရှို့ခံရတဲ့ နေအိမ်အရေအတွက်ကို ဖော်ပြကြတာမတွေ့ရပါဘူး။ စစ်ကောင်စီဘက်ကလည်း အချက်အလက်တွေ တရားဝင်ထုတ်ပြန်တာမရှိသေးပါဘူး။

ပြည်တွင်းမီဒီယာတွေမှာ ကောလင်းမြို့ရဲ့ ၄၀ ရာခိုင်နှုန်းကျော် မီးရှို့ဖျက်ဆီးခံရတယ်လို့ဖော်ပြတာရှိသလို ၈၀ ရာခိုင်နှုန်းကျော် ပျက်စီးသွားပြီလို့ ဖော်ပြတာတွေလည်းရှိပါတယ်။ **Data for Myanmar** က အဆက်အသွယ်ရရှိခဲ့တဲ့ ကောလင်းအရှေ့ခြမ်းက ဒေသတွင်းရင်းမြစ်တွေရဲ့ ပြောကြားချက်အရ ကောလင်းမြို့ပေါ်၊ ကောလင်း အနောက်ခြမ်းနဲ့ တာရွာ မပါ၊ ကောလင်း အရှေ့ခြမ်းချည်းပဲ မီးရှို့ဖျက်ဆီးခံရတဲ့ အိမ်ခြေ ၁၈၀၀ လောက်ရှိမယ်လို့ ခန့်မှန်းပါတယ်။ ကောလင်းအနောက်ခြမ်းက အောင်ချမ်းသာနဲ့ ကျောက်ကာရွာတွေမှာ မီးရှို့ဖျက်ဆီးခံရတဲ့ အိမ်ခြေများပြီး ၂၀၀ လောက်ရှိမယ်လို့ ခန့်မှန်းပါတယ်။

**Data for Myanmar** အနေနဲ့ ကောလင်းမြို့ပေါ် ရပ်ကွက်တွေနဲ့ မြို့အနီးနားက ရွာတွေ မီးရှို့ဖျက်ဆီးခံရမှုအခြေအနေတွေကို သိရဖို့ ပြည်တွင်းမီဒီယာတွေ၊ ဒေသတွင်းရင်းမြစ်တွေနဲ့ **Open source** ကရတဲ့ ဂြိုလ်တုဓါတ်ပုံတွေကို အသုံးပြုပြီး မီးရှို့ဖျက်ဆီးခံရတဲ့ ခန့်မှန်းဧရိယာတွေကို အောက်ပါအတိုင်း ဖော်ထုတ်ထားပါတယ်။




ဖေဖော်ဝါရီလနဲ့ မတ်လအတွင်း မီးရှို့ခံရနိုင်တဲ့ ဧရိယာတွေကို ဖြစ်စဉ်မတိုင်မီနဲ့ ဖြစ်စဉ်ပွားပြီးနောက် ဘယ်လို ပြောင်းလဲသွားလဲဆိုတာကို **Sentinel Hub EO Browser** နဲ့ **Copernicus Browser** ကနေ ရတဲ့ ဂြိုလ်တုဓါတ်ပုံတွေကို အဓိက အသုံးပြုပါတယ်။ **Planet Lab** က ရရှိတဲ့ ပုံအချို့နဲ့လည်း နှိုင်းယှဉ်ကြည့်ထားပါတယ်။ ကောလင်းမြို့ပေါ် နဲ့ အနီးနားကျေးရွာတွေက အဆောက်အဦတစ်ခုချင်းရဲ့ **Points** တွေကိုတော့ **Google Earth** ကနေ **digitize** ပြုလုပ်ပါတယ်။ မီးရှို့ဖျက်ဆီးခံရတဲ့ခန့်မှန်းဧရိယာအတွင်း ကျရောက်တဲ့ **Point** အရေတွက်ကို **QGIS** နဲ့ တွက်ချက်ပါတယ်။

မီးရှို့ဖျက်ဆီးခံရတဲ့ ခန့်မှန်းဧရိယာတွေအတွင်းကျရောက်တဲ့ နေအိမ်အရေအတွက် အနည်းဆုံး ၅၂၀၀ ခန့်ရှိနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ကြည်လင်ပြတ်သားတဲ့ ဂြိုလ်တုဓာတ်ပုံတွေ လက်လှမ်းမီ ရရှိတဲ့အခါ အသေးစိတ် ဆက်လက်ရေတွက်သွားမှာဖြစ်ပါတယ်။

ကောလင်းမြို့ပေါ်ရပ်ကွက်တွေဖြစ်တဲ့ ကျော်ဇေယျာ (၁) ရပ်ကွက်၊ ကျော်ဇေယျာ (၂) ရပ်ကွက်၊ မင်းတဲကြီးရပ်ကွက်၊ မြောက်အင်းရပ်ကွက်၊ မြို့မမြို့ကုန်းရပ်ကွက်၊ ပြင်ဦးလွင်ရပ်ကွက်၊ စက်ရုံလယ်ပြင်ရပ်ကွက်၊ ဈေးရုံဗိုလ်တဲရပ်ကွက်တွေမှာ မီးရှို့ဖျက်ဆီးမှုတွေတွေ့ရပါတယ်။ ကောလင်းမြို့နားက လက်ပံကွေ့၊ ကျွန်းလှခုံ၊ ကွင်းသောင်၊ ဇီးဖြူပင်၊ ယောမြေနီ၊ စိတ္တူ၊ ငပွေးလေး၊ ငပွေးကြီး၊ ကြူတော၊ မြေနီ၊ နှောခုံ၊ ကျွန်းခုံ၊ မရိုးခုံ၊ နတ်ကြီးခုံ၊ တာ(တောင်)၊ တာ(မြောက်)၊ အင်ကြောစင်၊ ကျောက်ကာ၊ စိုင်ဒူး၊ ဆေးမင်းခုံ၊ မင်းချမ်း၊ ရွာမ၊ တဲကြီးကုန်း၊ ကရာကုန်း၊ သဒ္ဒတ်ခုံ၊ ကြာအင်း၊ ဝါးရုံကုန်း၊ သီပါ၊ တံစူး၊ ဖန်းခါးကုန်း၊ မင်းကုန်း ညောင်ပင်သာ၊ ကောလင်းမြို့နယ်အရှေ့ခြမ်းက ကျောက်တန်း၊ ခံသာ၊ ငါးကြီးအိုင်၊ ကောလင်းမြို့အနီး ဝန်းသိုမြို့နယ်ထဲက အင်းပုတ်ကုန်း၊ ပေကုန်း စတဲ့ ရွာပေါင်း ၄၀ နီးပါး မီးရှို့ဖျက်ဆီးခံရတာ တွေ့ရပါတယ်။ မီးရှို့ခံရတဲ့ ရွာအရေအတွက်က မြေပြင်မှာ အခုထက်ပိုများနိုင်ပါတယ်။ မီးရှို့ဖျက်ဆီးခံရတဲ့ ကျေးရွာအများစုက ကောလင်းမြို့နဲ့ ၂ မိုင်ဝန်းကျင်အတွင်းက ကျေးရွာတွေ ဖြစ်ပါတယ်။

အဲဒီရွာတွေထဲတ ရွာအချို့က မြို့ဧရိယာနဲ့ ဆက်စပ်နေတဲ့အတွက် ရပ်ကွက်တွေအဖြစ် သတ်မှတ်ထားတာမျိုးလည်း ရှိနိုင်ပါတယ်။ ကောလင်းမြို့ပေါ်ရပ်ကွက်တွေနဲ့ မြို့နဲ့ ဆက်စပ်နေတဲ့ ရွာတွေဖြစ်တဲ့ စိုင်ဒူး၊ ဆေးမင်းခုံ၊ ငပွေးလေး၊ ငပွေးကြီး၊ ကျွန်းလှခုံ၊ ဝါးရုံကုန်း ကျေးရွာတွေမှာ မီးရှို့ခံရတာ အိမ်ခြေ ၂၇၀၀ ကျော်ရှိပါတယ်။ ကျန်အနီးနားက ကျေးရွာတွေရွာမှာ မီးရှို့ခံရတာ အိမ်ခြေ ၂၅၀၀ နီးပါး ရှိပါတယ်။ ၂၀၂၄ ဖေဖော်ဝါရီလအတွင်း မီးရှို့ခံရတဲ့ အိမ်ခြေက ၄၃၀၀ ကျော်ရှိပြီး မတ်လအတွင်း မီးရှို့ခံရတဲ့ အိမ်ခြေက ၈၀၀ ခန့်ရှိပါတယ်။

ကောလင်းမြို့ပေါ်က မြို့မဈေးတဝိုက်နဲ့ မြို့မြောက်ဘက်ခြမ်းက မီးရထားဝန်ထမ်းအိမ်ယာတွေမှာ ပျက်စီးမှုတွေရှိတာ တွေ့ရပါတယ်၊ ဘာသာရေးအဆောက်အဦတွေနဲ့ အများပြည်သူဆိုင်ရာအဆောက်ဦတွေ ထိခိုက်ပျက်စီးမှု နည်းပါးပြီး လူနေအိမ်နဲ့ စီးပွားရေးဆိုင်ရာ အဆောက်အဦတွေ ပျက်စီးမှု များပြားတာတွေ့ရပါတယ်။

ကောလင်းမြို့နဲ့ အနီးနားကျေးရွာတွေ မီးရှို့ဖျက်ဆီးခံရမှုကြောင့် ပြည်သူ ၃ သောင်းကျော် နေ့ရက်စွန့်ခွာ တိမ်းရှောင်နေကြရပြီး အခက်အခဲများစွာရင်ဆိုင်နေရပါတယ်။ ဒေသခံလူမှုအကူအညီရေးအဖွဲ့တွေအနေနဲ့လည်း အခက်အခဲများစွာကြားကနေ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေကြရပါတယ်။ နိုင်ငံတကာနဲ့ ပြည်တွင်း အဖွဲ့အစည်းတွေအနေနဲ့ ဒေသခံ လူမှုအကူအညီပေးရေးအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး လူသားချင်းစာနာမှုအကူအညီတွေ အမြန်ဆုံး ပံ့ပိုးကူညီပေးကြဖို့ Data for Myanmar က တိုက်တွန်းပါတယ်။

## သုံးသပ်ချက်

၂၀၂၄ ခုနှစ်အတွင်း စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေအကြား စစ်ရေး ဆက်လက်ပြင်းထန်နေပြီး လက်နက်ကိုင်ခုခံတော်လှန်စစ် အားကောင်းတဲ့ နယ်မြေတွေမှာ စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေက အရပ်သားနေအိမ်တွေကို မီးရှို့ဖျက်ဆီးတာတွေ ဆက်လက် လုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကောင်စီစစ်ကြောင်းတွေက မြို့သိမ်းတိုက်ပွဲ ဆင်နွှဲတဲ့ မြို့ရွာဒေသတွေနဲ့ တော်လှန်ရေးအင်အားစုတွေကို ထောက်ခံတဲ့ ကျေးရွာတွေကိုလည်း မီးရှို့ဖျက်ဆီးတာတွေ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပါတယ်။

ယခုနှစ်အတွင်း မီးရှို့ဖျက်ဆီးခံရမှုများပြီး အိမ်ခြေ ၁၀၀၀ နဲ့ ၅၀၀၀ ကြား ပျက်စီးဆုံးရှုံးခဲ့ရတဲ့ မြို့နယ်တွေကတော့ ကောလင်း၊ ကလေး၊ ဘူးသီးတောင်၊ မြင်းခြံနဲ့ မုံရွာမြို့နယ်တွေ ဖြစ်ပါတယ်။ အိမ်ခြေ ၃၀၀ နဲ့ ၁၀၀၀ ကြား ပျက်စီးဆုံးရှုံးခဲ့ရတဲ့ မြို့နယ်တွေကတော့ န္တားထိုးကြီး၊ ကန့်ဘလူ၊ မတ္တရာ၊ ပခုက္ကူ၊ ဂန့်ဂေါနဲ့ တန့်ဆည်မြို့နယ်တွေဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်ထဲမှာတော့ မီးရှို့ဖျက်ဆီးမှုတွေ ပုံမှန်အားဖြင့် များလေ့ရှိတဲ့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနဲ့ ချင်းပြည်အပြင် ရခိုင်ပြည်မှာလည်း မီးရှို့ဖျက်ဆီးမှုတွေ မြင့်တက်လာခဲ့ပါတယ်။ ရခိုင်ပြည် ဘူးသီးတောင်မြို့နဲ့ အနီးတဝိုက်က ကျေးရွာ ၂၀ ကျော်လောက်က မီးလောင်ပျက်စီးမှုအခြေအနေတွေကို အသေးစိတ်မသိနိုင်သေးပါဘူး။ ၂၀၂၄ ခုနှစ်တွင်း တိုက်ပွဲဖြစ်စဉ်တွေထဲမှာ တော်လှန်ရေးအင်အားစုတွေက မကွေးတိုင်းနဲ့ မန္တလေးတိုင်းထဲက ပြည်သူ့စစ်/ပျူစောထီး ကျေးရွာအချို့ကို စီးနင်းတိုက်ခိုက်ပြီး အရပ်သားနေအိမ်တွေ မီးရှို့ဖျက်ဆီးခဲ့ကြောင်း တော်လှန်ရေးအင်အားစုတွေရဲ့ ထုတ်ပြန်ချက်တွေမှာ တွေ့လာရပါတယ်။

နေအိမ်မီးရှို့ဖျက်ဆီးခံမှုကြောင့် ဒေသခံ ပြည်သူတွေရဲ့ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး ဆိုင်ရာတွေမှာ ကြီးမားစွာထိခိုက်ခံစားခဲ့ကြရပါတယ်။ မီးရှို့ဖျက်ဆီးခံရတဲ့ ကျေးရွာအချို့မှာ နေရပ်မပြန်နိုင်သေးဘဲ တိမ်းရှောင်နေရဆဲဖြစ်ပါတယ်။ နေရပ်စွန့်ခွါထွက်ပြေးရလို့ စားဝတ်နေရေးအခက်အခဲတွေအပြင် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိဘဲ နေထိုင်ကြရသူတွေလည်း အများအပြားရှိနေဆဲဖြစ်ပါတယ်။ ဒေသခံ လူမှုကူညီရေးအဖွဲ့အစည်းတွေရဲ့ ပံ့ပိုးမှုနဲ့ ယာယီအမိုးအကာနဲ့ စားနပ်ရိက္ခာ အထောက်အပံ့အချို့ ရရှိကြောင်း သိရပါတယ်။ ဒါပေမယ့် လုံလောက်တဲ့ အကူအညီတော့ မရကြပါဘူး။

လက်နက်ကိုင်မဟုတ်တဲ့ အရပ်သားတွေပိုင်ဆိုင်တဲ့ အရပ်သားနေအိမ်တွေကို မီးရှို့ဖျက်ဆီးလို့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းသွားမှာ မဟုတ်ဘဲ ပြည်တွင်းစစ်မီးသာ ပိုတောက်လောင်လာမှာဖြစ်ပါတယ်။ အိုးအိမ်ဆုံးရှုံးခဲ့ရတဲ့ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ ပြည်သူများအနေနဲ့ အခုလက်ရှိ လူမှုစီးပွားဒုက္ခတွေအပြင် စိတ်ဒါဏ်တွေ ကုစားနိုင်ဖို့ နှစ်များစွာ ကြာမြင့်နိုင်ပါတယ်။ ဒါ့အပြင် ယဉ်ကျေးမှုနဲ့ သမိုင်းဆိုင်ရာ အမွေအနှစ်တွေ၊ မှတ်တမ်းမှတ်ရာတွေလည်း များစွာ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။ အရပ်သားနေအိမ်တွေ မီးရှို့ဖျက်ဆီးတဲ့အတွက် ပဋိပက္ခအလွန် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ရှာဖွေတဲ့အခါ အရင်းအမြစ်တွေ များစွာ ကုန်ကျနိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပြည်သူတွေ ထောက်ခံပါဝင်လာဖို့ အဟန့်အတား ဖြစ်စေနိုင်ပါတယ်။

## အကြံပြုချက်များ

- လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အရပ်သားများနဲ့ အရပ်သားနေအိမ်များကို ပစ်မှတ်ထား တိုက်ခိုက်တာ၊ မီးရှို့ဖျက်ဆီးတာတွေ အမြန်ဆုံးရပ်တန့်ရပါမယ်။
- လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အရပ်သားထိခိုက်မှုအနည်းဆုံးဖြစ်အောင် စစ်ရေးကျင့်ဝတ်တွေကို အတတ်နိုင်ဆုံး လိုက်နာသင့်ပါတယ်။
- နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့ အရပ်သားများနဲ့ အရပ်သားနေအိမ်များကို ပစ်မှတ်ထား တိုက်ခိုက်တာ၊ မီးရှို့ဖျက်ဆီးတာတွေ အမြန်ဆုံးရပ်တန့်ဖို့ ဖိအားပေးတိုက်တွန်းသင့်ပါတယ်။
- လူသားချင်းစာနာမှုအဖွဲ့အစည်းများအနေနဲ့ စစ်ဘေးရှောင် ပြည်သူတွေကို ဒေသခံလူမှုကူညီရေးအဖွဲ့များနဲ့ ချိတ်ဆက်ပြီး လုံလောက်တဲ့ လူသားချင်းစာနာမှုအကူညီများ ထောက်ပံ့ပေးသင့်ပါတယ်။
- သတင်းမီဒီယာများအနေနဲ့ ဒေသခံ သတင်းရင်းမြစ်တွေကို မေးမြန်းတဲ့အခါ မီးရှို့ဖျက်ဆီးခံရတဲ့ နေအိမ် အရေအတွက်ကို ကျေးရွာအလိုက် နေ့ရက်အလိုက်ရရှိအောင် အတတ်နိုင်ဆုံး ခွဲခြား ကောက်ယူသင့်ပါတယ်။
- ပြည်သူများအနေနဲ့ မီးရှို့ခံရတဲ့ ကျေးရွာများအတွင်း ပြန်လည်ဝင်ရောက်တဲ့အခါ မိုင်းအန္တရာယ်အပါဝင် မပေါက်ကွဲသေးတဲ့ စစ်ကျန်ပစ္စည်းတွေနဲ့ ပတ်သက်လို့ ဘေးကင်းလုံခြုံရေးအတွက် စိတ်ချရမှ ပြန်လည် ဝင်ရောက်သင့်ပါတယ်။

## အချက်အလက်ကောက်ယူတဲ့ နည်းစနစ်နဲ့ ကန့်သတ်ချက်များ

ပြည်တွင်းမီဒီယာတွေနဲ့ ဒေသခံအဖွဲ့အစည်းတွေကနေ ရရှိတဲ့ အချက်အလက်တွေကို ရက်အလိုက်၊ ဖြစ်စဉ်အလိုက် ရေးသွင်းပါတယ်။ အဲဒီနောက် NASA FIRMS မီးလောင်မှုအချက်ပြစနစ်က အချက်အလက်များ၊ Google Earth နဲ့ အခြားရင်းမြစ်များကနေ ရရှိတဲ့ ဂြိုလ်တုဓါတ်ပုံတွေကို အသုံးပြုပြီး ပြန်လည် တိုက်ဆိုင်စစ်ဆေးထားပါတယ်။ ဒါ့အပြင် ယုံကြည်ရတဲ့ မြေပြင်သတင်းရင်းမြစ်တွေကနေလည်း တိုက်ဆိုင်စစ်ဆေးတာတွေ လုပ်ဆောင်ပါတယ်။

ယေဘုယျအားဖြင့် ယခုဖော်ပြထားတဲ့ ကိန်းဂဏန်းတွေက မြေပြင်ထက် နည်းနေမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခက်အခဲအမျိုးမျိုးကြောင့် အတည်မပြုနိုင်သေးတဲ့ ဖြစ်စဉ်တွေနဲ့ အချက်အလက် မပြည့်စုံတဲ့ ဖြစ်စဉ်တွေကို ထည့်သွင်းရေတွက်ခြင်းမပြုနိုင်သေးဘဲ ချန်ထားခဲ့ရလို့ ဖြစ်ပါတယ်။ အတည်ပြုနိုင်တဲ့ အထောက်အထားတွေရရှိတဲ့အခါ အဲဒီ ဖြစ်စဉ်တွေကိုလည်း ဆက်လက်ထည့်သွင်းရေတွက်သွားမှာ ဖြစ်ပါတယ်။ အတည်ပြုနိုင်တဲ့ အပေါ်မူတည်ပြီး မြို့နယ်အလိုက်၊ လအလိုက် ကိန်းဂဏန်းတချို့ အပြောင်းအလဲဖြစ်နိုင်တာကြောင့် နောက်ဆုံးကိန်းဂဏန်းတွေကို နောင်ထုတ်ပြန်မယ့် အစီရင်ခံစာတွေမှာ ကြည့်ရှုဖို့ တိုက်တွန်းပါတယ်။

အထူးသဖြင့် ကရင်နီပြည်နဲ့ ကချင်ပြည်နယ်အတွင်းမှ အချို့ဖြစ်စဉ်များ၊ ဘူးသီးတောင်မြို့နဲ့ အနီးတဝိုက်မှ ဖြစ်စဉ်များကို လတ်တလော ထည့်သွင်းရေတွက်နိုင်ခြင်းမရှိသေးပါဘူး။

ယခု အစီရင်ခံစာမှာ စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းများက ကျူးလွန်ခဲ့တဲ့ မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ်တွေသာပါဝင်ပြီး အခြားလက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်တဲ့ ဖြစ်စဉ်တွေ ပါဝင်ခြင်းမရှိသေးပါဘူး။ လက်နက်ကြီးနဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီး၊ မီးလောင်မှုများကိုလည်း ထည့်သွင်းရေတွက်မထားပါဘူး။ ယေဘုယျအားဖြင့် နေအိမ်မဟုတ်တဲ့ အခြားအဆောက်အအုံတွေကိုလည်း ထည့်သွင်းရေတွက်မထားပါဘူး။

## အဖွဲ့အကြောင်း

Data for Myanmar (D4M) က လွတ်လပ်တဲ့ သုတေသနအဖွဲ့တစ်ခုဖြစ်ပြီး အများပြည်သူတွေအတွက် အကျိုးရှိပြီး သိသင့်တဲ့ အချက်အလက်တွေကို ရင်းမြစ်မျိုးစုံကနေ စုစည်းပြီး လေ့လာဆန်းစစ် တင်ပြနေပါတယ်။

### ဆက်သွယ်ရန်

**Email:** data4myanmar@gmail.com

**Facebook Page:** https://www.facebook.com/data4myanmar